**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၃၆ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁-၄-၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် သက်တမ်း သတ်မှတ်ခြင်းတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ်အတွင်း လမ်းတံတားများကို ရဲ့ကားပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ပုလောမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ မင်းသီရိလမ်းမှ ဦးဘတုနှင့် ဦးကျော်မင်းပါ(၂၈)ဦး၏ မြေယာသိမ်းဆည်းခံရမှုအတွက် နစ်နာမှုကို ကုစားပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ပင်လုံမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံနှင့် မိုင်းပွန်ကျေးရွာအုပ်စု ပြည်သူ့ဆေးရုံတို့တွင် တာဝန်ခံ ဆရာဝန်များ ခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **အုတ်ဖိုမြို့နယ် ကျန်းမာရေး ဦးစီးဌာန၏ မိခင်နှင့် ကလေးကျန်းမာရေးဌာနအတွက် အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **ဝေါမြို့နယ် ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့မှ ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ်လည်းကောင်း၊ ကဒွတ် ကျေးရွာနှင့် ဆင်ရွာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အား တိုက်နယ်ဆေးရုံအဖြစ်လည်းကောင်း၊ ဘုရားပျိုကျေးလက် ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ် အမြန်လမ်း မိုင်တိုင် (၁၄၄) ပတ်ဝန်းကျင်ရှိ ပိတောက်ခင်ကျေးရွာ သို့မဟုတ် ကြက်တက်ညောင်ပင်ကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ စက်မှုဝန်ကြီးဌာနက တင်သွင်းသော **"ဘွိုင်လာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။